ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၃)**

**အခွန်အယူခံခုံအဖွဲ့ရုံး**

**လျှောက်လွှာခေါ်ယူခြင်း**

**၁၃၈၆ ခုနှစ် ၊ တော်သလင်းလဆန်း ၁ ရက်**

**( ၂၀၂၄ ခုနှစ် ၊ စက်တင်ဘာ လ ၃ ရက် )**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၃)၊အခွန်အယူခံခုံအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း ကျပ် | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | (၃) နေရာ | တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာကို အသုံးပြုနိုင်သူဖြစ်ရမည်။ |
| ( ခ ) | အငယ်တန်းစာရေး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) | (၃) နေရာ | တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာကို အသုံးပြုနိုင်သူဖြစ်ရမည်။ |
| ( ဂ ) | ရုံးအကူ (၁၄၄,၀၀၀-၂,၀၀၀-၁၅၄,၀၀၀) | (၁) နေရာ | အခြေခံပညာ အထက်တန်းအဆင့် ရှိရမည်။ |

၂။ လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

( ခ ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

( ဂ ) အကျင့်စာရိတ္တ ကောင်းမွန်သူဖြစ်ရမည်။

(ဃ) အမှတ်စဉ် (က) နှင့် (ခ) ရာထူးနေရာများအတွက် **ကွန်ပျူတာဘွဲ့၊ စီးပွားရေးဘွဲ့၊ ဥပဒေဘွဲ့နှင့် အင်္ဂလိပ်စာဘွဲ့** ရရှိသူများကို ဦးစားပေးခန့်ထားမည်။ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက (၁-၉-၂၀၂၄) ရက်နေ့တွင် အသက် (၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက (၁-၉-၂၀၂၄)ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

( င ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။

( စ ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးနိုင်ရမည်။

(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။ (ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ ပူးတွဲ တင်ပြရမည်။)

၃။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများကို အခွန်အယူခံခုံအဖွဲ့၏ www.ratb.gov.mm နှင့် အခွန်အယူခံခုံအဖွဲ့ Facebook Page တို့တွင် Download ရယူပြီး လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများကို ပြည့်စုံစွာ တင်ပြရမည်။

၄။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံခုံအဖွဲ့ရုံး၊ ရုံးအမှတ်(၅၇)၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း (၃၀-၉-၂၀၂၄) ရက် (တနင်္လာနေ့)အရောက် နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၅။ အရည်အချင်း သတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ အမှတ်စဉ် (က) နှင့် (ခ) ရာထူးနေရာများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များ ပါဝင်သည့် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး၊ ရေးဖြေ အောင်မြင်သူများကို လူတွေ့နှင့် ကွန်ပျူတာ စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အမှတ်စဉ်(ဂ) ရာထူးနေရာအတွက် လူတွေ့စစ်ဆေးခြင်းကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၇။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို အခွန်အယူခံခုံအဖွဲ့၏ www.ratb.gov.mm နှင့် အခွန်အယူခံခုံအဖွဲ့ Facebook Page တို့တွင် ကြေညာပေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက အခွန်အယူခံခုံအဖွဲ့ရုံး၊ စီမံ၊ ဝန်ထမ်းရေးရာနှင့်သင်တန်းဌာနခွဲ ဖုန်း ၀၆၇-၃၄၃၀၀၄၅ ၊ ၀၆၇-၃၄၃၀၀၄၆ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**အခွန်အယူခံခုံအဖွဲ့ရုံး**